Australian Government
Services Australia

BURMESE

# အသစ်ရောက်လာသော နေထိုင်သူများအတွက် စောင့်ဆိုင်းရမည့် ကာလများ

အကယ်၍ သင် ဩစတြေးလျနိုင်ငံသို့ လတ်တလော ရောက်ရှိလာပါက ကျွန်ုပ်တို့၏ ဝင်ငွေအကူ ထောက်ပံ့ပေးငွေအများစုနှင့် မိသားစု ထောက်ပံ့ပေးငွေအများစုကို သင် မရရှိမီ အချိန်အတိုင်းအတာအချို့ စောင့်ဆိုင်းရန် များသောအားဖြင့် လိုအပ်ပါမည်။

## စောင့်ဆိုင်းရမည့် ကာလ

သင့်တွင် မိသားစုဝင် ဤနေရာ၌ နေထိုင်နေသည့်တိုင် စောင့်ဆိုင်းရမည့် ကာလသည် သင်နှင့်သက်ဆိုင်ပါမည်။ ဤစောင့်ဆိုင်းရမည့် ကာလသည် ဩစတြေးလျနိုင်ငံ၌ အမြဲတမ်းနေထိုင်သူအဖြစ် သင် နေထိုင်ခဲ့သည့် အချိန်ကို ထည့်သွင်းစဉ်းစားသည်။

ဤစောင့်ဆိုင်းကာလအတွင်း အလုပ်ရှာရန်အကူအညီအတွက် Workforce Australia သို့မဟုတ် Remote Australia Employment Service ကို သင် မှတ်ပုံတင်ထားနိုင်ပါသည်။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုဌာနတွင် ရနိုင်သည့် အလုပ်အကိုင် ကိုယ်တိုင်ရှာသည့် ပံ့ပိုးအရာကိုလည်း သင် အသုံးပြုနိုင်သည်။

## စောင့်ဆိုင်းရမည့် ကာလ ကင်းလွတ်ခွင့်များ

Newly Arrived Resident's Waiting Period သည် အမြဲတမ်းတော့ သက်ဆိုင်နိုင်မည် မဟုတ်ပါ။ ဥပမာ၊ အကယ်၍ သင် Australia's Humanitarian Programme အရ ဒုက္ခသည် အဖြစ် ရောက်ရှိလာလျှင်။

## ပိုမိုသိရှိရန်အတွက်

- အင်္ဂလိပ်ဘာသာစကားဖြင့် ပိုမိုသိရှိရန် **servicesaustralia.gov.au/newresidentswaiting** တွင်ကြည့်ပါ။
- သင့်ဘာသာစကားဖြင့် ဖတ်ရှုရန်၊ နားထောင်ရန်၊ သို့မဟုတ် ဗီဒီယိုကြည့်ရန်အတွက် ဝက်ဘ်ဆိုက်– **servicesaustralia.gov.au/yourlanguage**
- Centrelink ထောက်ပံ့ကြေးငွေများနှင့် ဝန်ဆောင်မှုများအတွက် သင့်ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့် စကားပြောဆိုရန် **131 202** သို့ ဖုန်းခေါ်ဆိုပါ။ သင် ကျွန်ုပ်တို့အား ဖုန်းခေါ်ဆိုသည့်အခါ သင် Customer Reference Number (CRN) လိုအပ်သည်။ အကယ်၍ သင်၏ CRN ကို သင် ရေးမသွင်းလျှင် သို့မဟုတ် မသိလျှင် အသံသွင်းစက်မှ အင်္ဂလိပ်စကားဖြင့် 3 ကြိမ်ပြောသည်ကို သင် ကြားရပါမည်။ သုံးကြိမ်ပြောပြီးနောက် "What language please?" ဟု ပြောပါလိမ့်မည်။ သင်၏ ဘာသာစကား အမည်ကို ပြောပါ။ သင့်အား သင့်ဘာသာစကားပြောသည့် တစ်စုံတစ်ဦးနှင့် ချိတ်ဆက်ပေးပါလိမ့်မည်။
- Medicare အတွက် ဖုန်း **132 011** ကိုဆက်ပါ၊ Child Support အတွက်ဖုန်း **131 272** ကို ခေါ်ဆိုပါ။ သင် စကားပြန်တစ်ဦးလိုလျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ ကျွန်ုပ်တို့ စကားပြန်တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်။
- ဝန်ဆောင်ဌာနတစ်ခု သို့သွားရောက်ပါ။

မှတ်ချက်– သင့်အိမ်ဖုန်းမှ ဩစတြေးလျနိုင်ငံ မည်သည့်နေရာမှမဆို '13' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများကို ပုံသေ ဖုန်းခေါ်နှုန်းဖြင့် ကျသင့်ပါသည်။ အဆိုပါ ဖုန်းခေါ်ခနှုန်းထားများမှာ ဒေသတွင်း ကွဲပြားခြားနားနိုင်သလို တယ်လီဖုန်းကုမ္ပဏီ

အချင်းချင်းအကြားတွင်လည်း ကွဲပြားခြားနားနိုင်ပါသည်။ သင့်အိမ်ဖုန်းမှ **‘1800’** နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများမှာ အခမဲ့ဖြစ်သည်။ အများပြည်သူဖုန်းနှင့် မိုဘိုင်းဖုန်းများမှ ဖုန်းခေါ်ဆိုမှုများသည် အချိန်ကြာသည့်နှင့်အမျှ ပိုမိုများသော နှုန်းဖြင့် ပေးရနိုင်သည်။

## တာဝန်မယူငြင်းဆိုချက်

ဤစာစောင်တွင် ပါဝင်သော အချက်အလက်များကို ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများ အတွက် လမ်းညွှန်တစ်ခု အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးငွေကို လျှောက်ထား လိုမလိုနှင့် သင့် သီးခြား အခြေအနေများနှင့်ပတ်သက်ပြီး လျှောက်လွှာတင်သွင်း လိုမလိုကို ဆုံးဖြတ်ရန်မှာ သင်၏ တာဝန်ဖြစ်သည်။

# Waiting periods for newly arrived residents

If you recently arrived in Australia, you will generally have to wait some time before you can get most of our income support payments and most family payments

## Waiting period

A waiting period will apply to you even if you have a family member living here. This waiting period will consider any time you have spent in Australia as a resident with a permanent visa.

During this waiting period, you can register with Workforce Australia or the Remote Australia Employment Service to help find work. You can also use the employment self-help facilities available in our service centres

## Exemptions to the waiting period

The Newly Arrived Resident's Waiting Period may not always apply. For example, if you arrive as a refugee under Australia's Humanitarian Programme

## For more information

- Go to **servicesaustralia.gov.au/newresidentswaiting** for more information in English.
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch videos with information in your language.
- For Centrelink payments and services, call **131 202** to speak with us in your language. You need your Customer Reference Number (CRN) when you call us. If you don't enter or know your CRN, you will hear the recording speak 3 times in English. After the third time, the voice will say 'What language please?'. Say your language and you will be connected with someone who speaks your language.
- Call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free.
- Visit a service centre.

Note: calls from your home phone to '13' numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to '1800' numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It's your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.